ဝမ်ဆာလားကျေးရွာ

မိုင်းတုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၁ – ၂၀၂၂ခု၊(၆)လဘတ်ဂျက်)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ်ဆာလားကျေးရွာ၊ မိုင်းတုံမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ

## မာတိကာ


မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ဝမ်ဆာလားကျေးရွာအရင်းအမြစ်ပြမြေပုံ၊မိုင်းတုံမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဇဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၉
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲ များ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

ကျေးရွာ၏ ရာသီအလိုက်ပြက္ခဒိန်

ကျေးရွာတွင်းနှင့် ပြင်ပ အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေ(Venn Diagram)

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင်ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအကြီးအကဲ(သူကြီး) နှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝမ်ဆာလားကျေးရွာ
မိုင်းတုံမြို့နယ်

## ဝမ်ဆာလားကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းတုံမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက် များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဝမ်ဆာလားကျေးရွာသည် မိုင်းတုံ-တောင်ကြီး ဆက်သွယ်ထားသော လမ်းမကြီးနှင့် ဆက်သွယ်ထားပြီး မိုင်းတုံမြို့နှင့်(၄၃)မိုင် အကွာတည်ရှိသည်။ ကျေးရွာတည်ရှိရာ နေရာသည် မြေပြန့်ဒေသဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဖက်တွင် လယ်မြေနှင့်တောင်ကုန်းတောင်တန်းများ၊ မြောက်ဖက်နှင့်အနောက်ဖက်တွင် သံလွင်မြစ်၊ တောင်ဖက်တွင် တောင်ကုန်းတောင်တန်းများရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်၄၈လက္မကျော် ရရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်း များအတွက် များစွာအထောက်အကူပြုသည်။ လယ်မြေအသင့်အတင့်ရှိပြီး တောင်ယာမြေ ကပိုများ သည်။ ၎င်းတောင်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အဓိကအားထားရာဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာမှ လုပ်ကိုင်ဆောင်ရွက်နေကြသော လယ်ယာမြေများသည် မြေဆီအသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးမြေကေမှာ တောင်ယာမြေ (၁၉၈)ဧကနှင့် တောင်ယာမြေ(၅၆)ဧကခန့် ရှိပြီး စပါး၊ပြောင်းနှင့် နှမ်းသီးနှံများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာ အနီးဝန်းကျင်တွင် သဘာဝ တွင်းထွက် သယံဇာတ များ မထွက်ရှိပါ။ ကျေးရွာ၏ တောင်ဖက်ရှိ တောင်တန်းများသည် သဘာဝ ပေါက်ပင်များစုံလင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း ၊ ဝါး ၊ သက်ငယ် ၊ ပိတောက်ပင် ၊ ကျွန်း၊ တမလန်း ၊ အင်ပင် ၊ ဆေးဖက်ဝင် အပင်နှင့်နွားစာများရရှိသည်။ တိရစ္ဆာန် များကို လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော တောဝက်၊ ချေ၊ ယုန်၊ တောကြက်၊ မြွေအမျိုးမျိုး နှင့်အခြားဆေးဘက်ဝင် အပင်များလည်း တွေ့ရှိရပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၄၄) စုနှင့် ကျား(၉၈)၊ မ(၁၁၅)ဦးဖြင့် လူဦးရေပေါင်း(၂၁၃)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းရှိပါသည်။ကျေးရွာတွင် ရှမ်း၊ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်သည်ကျေးရွာရှိလူဦးရေအားလုံး၏(၅၈%)ရှိပြီး အမျိုးသမီးများနှင့်အမျိုးသားအရေအတွက်မှာ အနီးစပ်ဆုံးတူညီပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေများသောကြောင့် အသက်မွေးဝမ်း ကျောင်းပညာရပ်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်း ဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၂၀% သည် ချမ်းသာသည့်အဆင့်၊ ၆၀% သည် အလယ်အလတ်အဆင့်နှင့် ၂၀%သည် ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ် ကြပြီး ချမ်းသာသော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၅)စုရှိပြီး ရာသီအလိုက် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။ကျေးရွာမှအဆင်ပြေနှင့်အလယ်အလတ်အိမ်ထောင်စုများမှာ သူတပါးထံ မှ မချေးမငှါးပဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံကြသည်။ ဆင်းရဲသော အိမ်ထောင်စုအများစုမှာ ဝမ်းစာအတွက် သူတပါးထံမှ ချေးငှားခြင်းနှင့် လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှုများကြောင့် ရာသီဥတုဖောက်ပြန်လာသဖြင့် ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်းများတွင် ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း နှင့် တိရိစ္ဆာန် ရောဂါကျရောက်မှုမှာ ထိခိုက်လွယ်မှု အသင့်အတင့်တွေ့ရပါသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ကျေးရွာပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်များပေါများသော်လည်းအသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက်ခြင်း မရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းမှာလည်း လူငယ်များအတွက် တိုးတက်မှု နည်းပါးစေပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

သာမန်ရောဂါများကို ကျေးရွာတွင် ဆေးမီးတိုဖြင့် ကုသကြရှိပြီး ကြီးမား ပြင်းထန်သော ရောဂါအတွက် (၄၃)မိုင်ကွာဝေးသော မိုင်းတုံပြည်သူ့ဆေးရုံတွင် ကုသကြပါသည်။ ရွာသားများသည် ကျန်းမာရေးကောင်းမွန်ကြောင်းသိရသည်။ ကျေးရွာသည် တကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိအမြင်များအသင့်အတင့်ရှိကြသည်။ ကျေးရွာတွင် သောက်သုံးရေကို မိုးရာသီတွင် အလွယ်တကူ လုံလောက်စွာရနိုင်ကြသော်လည်း နွေရာသီတွင် စိမ့်စမ်းရေများ နည်းပါးလာခြင်းကြောင့် ရေကို ခြွေတာ အသုံးပြုကြရပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်ဥယာဉ်ခြံမြေများ ရှိသဖြင့် ခြံထွက်သီးနှံများနှင့်မြစ်ချောင်းမှရရှိသော သားငါးများ ရရှိသဖြင့် အဟာရချို့တဲ့သူများမရှိကြောင်း တွေ့ရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ ခေတ်ပညာတတ် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်ယခုချိန်ထိ ဘွဲ့ရရှိပြီးသူ (၈)ဦးရှိကြောင်း တွေ့ရှိပါသည်။ ကျေးရွာတစ်ရွာလုံး အဓိကအသုံးပြုသော ဘာသာစကားမှာ ရှမ်းစကားနှင့်ဗမာစကားဖြစ်ပါသည်။ကျေးရွာသား အများစုသည် မိရိုးဖလာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းကိုသာ လုပ်ကိုင်ကြရပြီး အဆင့်မြင့်စက်မှုလယ်ယာများ အထွက်နှုန်းကောင်းသော မျိုးသီးနှံများနှင့် ခေတ်မီစက်မှုနည်း ပညာများအား လက်လှမ်းမီမှု အားနည်းကြပါသည်။ အထက်တန်း ပညာတတ်ဦးရေနည်းပါးသည်။ ကျေးရွာတွင် မူလတန်းကျောင်း ရှိသဖြင့် ကျောင်းနေအရွယ် ကလေးများ ပညာရေးကို ကောင်းမွန်စွာ သင်ကြားနိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများ မှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နိမ့်ကျဆဲ ဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေးကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းခြင်းအပြင် အိမ်၏ စားဝတ်နေရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင် ကြသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားနှင့်မ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ လက်ရှိကျောင်းတက် နေသော ကျောင်းသားဦးရေ ဇယားပါကိန်းဂဏန်းများအရမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီးများ ကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် ပန်းရံလုပ်ငန်းခွင်တွင် တစ်နေ့လုပ်အားခအဖြစ် အမျိုးသားများက (၆၀၀၀)ရရှိပြီး အမျိုးသမီးများမှာ (၅၀၀၀)သာ ရရှိကြပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုမရှိကြောင်းတွေ့ရပါသည်။အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စီးပွါးရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ ကျေးရွာသားများ ဖြင့် ဖွဲ့စည်းထားသော ကျေးရွာမတည်ရန်ပုံငွေအဖွဲ့ရှိပြီး ကျေးရွာသားအများစုမှာ ၎င်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ မီးလင်းရေးကော်မတီ မှာ ၂၀၁၅ ခုနှစ် တွင် ဆိုလာလျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးခဲ့သည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှမ်း ကို အဓိကထားစိုက်ပျိုးကြပြီး စပါးတစ်ဧက ပျမ်းမျှအထွက်မှာ (၆၃)တင်း ထွက်ရှိကြသည်။ ကျွဲ၊ နွားများကို လယ်ယာလုပ်ငန်းခွင်တွင် စေခိုင်းရန်အတွက် မွေးမြူခြင်း မဟုတ်ဘဲ ရောင်းချ စားသောက်ရန်သာ မွေးမြူကြပါသည်။ ရွှေ့ပြောင်း တောင်ယာစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရာတွင် မြေဆီလွှာကို တူးဆွခြင်းမပြုဘဲ မျိုးစေ့များကို ဆူးထိုးစနစ်ဖြင့် စိုက်ပျိုးကြပြီး ပေါင်းသတ်ဆေးကို သုံးစွဲသော အလေ့အကျင့်များ လာသောကြောင့်မြေဆီလွှာ အရည်အသွေး ထိခိုက်မှုရှိလာပြီး သီးနှံအထွက်နှုန်း လည်း ကျဆင်းလာပါသည်။ ကျေးရွာတွင် နွား(၇၆)ကောင်၊ ဝက် (၅၄)ကောင်၊ ကျွဲ (၂၃)ကောင် လက်ရှိမွေးမြူထားပြီး မိသားစုဝင်ငွေအား တစ်ဖက်တစ်လှမ်းမှ အထောက်အပံ့ပြုနေပါသည်။ ဒေသကြက်ကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း ရာသီအလိုက်ဖြစ်ပွါးတတ်သော ရောဂါများကို မထိန်းချုပ်နိုင်သောကြောင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန် မဖြစ်နိုင်သေးပါ။သောက်သုံးရေ မှာ မိုးရာရာသီ နှင့် ဆောင်းရာသီများတွင် လုံလောက်စွာ ရရှိပြီး စားကျက်အဖြစ် အသုံးပြုနိုင်သော မြေလွတ်မြေရိုင်းများနှင့် ကုန်းမြင့်တောင်စောင်းများ ပေါများခြင်းကြောင့် နွားမွေးမြူရေးလုပ်ငန်းမှာ တဖြည်းဖြည်းချင်း ကျယ်ပြန့်လာပြီး ကျေးရွာ၏ အဓိကလုပ်ငန်း တစ်ခုဖြစ်လာ နိုင်ပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ငန်း ဆောင်ရွက်နိုင်သည့် ရေမြေအနေအထားနှင့် နည်းပညာ၊ မွေးမြူရေးအစာ၊ဆေး၊သားပေါက်များ လမ်းလှမ်းမှီမှုမရှိခြင်းကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု ရှိကြောင်းသိရပါသည်။ ကျေးရွာတွင် ပရိဘောဂလုပ်ငန်းများ ဆောင်ရွက်ကြသော်လည်း တင်သွင်းရောင်းချနိုင်သည့် ပရိဘောဂဆိုင်များ မရှိသည့်အတွက် ရောင်းချနိုင်သည့် အရေအတွက်နည်းပါးကြောင်း သိရပါသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်း၊ ဓါတုဓါတ်မြေသြဇာ သုံးစွဲခြင်း၊ သဘာဝမြေသြဇာ သုံးစွဲမှုမရှိခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပျက်စီးလာသဖြင့် သီးနှံအထွက်နှုန်း နိမ့်ကျလာပါသည်။ ကျွဲ၊ နွားများကို လွှတ်ကျောင်းစနစ်ဖြင့်သာ မွေးမြူသောကြောင့် မစင်အညစ်အကြေးများကို စနစ်တကျစုဆောင်း၍ စိုက်ပျိုးရေးတွင် သဘာဝ မြေသြဇာအဖြစ်အသုံးပြုသော အလေ့အကျင့် မရှိကြပါ။ မီးဖိုချောင်ထွက် စွန့်ပစ်ပစ္စည်းနှင့်အမှိုက်များကို ကျေးရွာ၏ အရှေ့ဖက်(၁)မိုင်ခန့်အကွာရှိ ကျင်းတွင် စနစ်တကျစွန့်ပစ်ကြသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှု ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လက်ရှိအသုံးပြုနေသော စိမ့်စမ်းရေ သွယ်ယူသည့် ရေအရင်းအမြစ်နေရာနှင့်ရေကန် ပတ်ဝန်းကျင်တွင် ကျွဲနွားတိရိစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေး ခြံစည်းရိုးများ စနစ်တကျ ကာရံထားကြောင်း တွေ့ရပါသည်။ မိုးရာသီ ကာလတွင် ကျေးရွာမြောက်ဖက်ရှိ သံလွင်မြစ်ရေ တက်လာသဖြင့် ရေကြီးခြင်းနှင့် မြေဆီလွှာတိုက်စားခြင်းများနှင့် နွေရာသီတွင် တောမီးလောင်ကျွမ်းမှု မှ တစ်ဆင့် ကူးစက်နိုင်သည့် ဘေးအန္တရာယ်သာ တခါတရံ ကြုံတွေ့ရတတ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအတွက် ကျေးရွာမတည်ရန်ပုံငွေ ရရှိခဲ့ပြီး လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာသား/သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ထုတ်ချေးပေးပါသည်။ လက်ရှိတွင် ငွေချေးသူ (၁၅)ဦး ရှိပြီး အတိုးနှုန်းတစ်လလျှင်(၁.၅%)ဖြင့် တစ်နှစ်တာ ချေးခွင့်ပြုထားသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကိုသင်ယူနိုင်ကြသည်။ ၎င်းကျောင်းတွင်(၁)ထပ်တိုက် ကျောင်းဆောင်(၁)ဆောင် ရှိပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေကို သုံးစွဲကြပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ တစ်ရွာလုံး နီးပါးယင်လုံအိမ်သာ သုံးစွဲကြသောကြောင့် ဆက်စပ်ဖြစ်ပွါး တတ်သော ရောဂါများ ဖြစ်သည့် ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါများ သိသိသာသာလျော့နည်း ကင်းစင် ပြီး ကျေးရွာသည် မီးချောင်ထွက်ပစ္စည်းများနှင့် ပလပ်စတစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ သောက်သုံးရေကန်များတွင်လည်း ကျွဲနွားများဝင်ရောက်မှုမရှိစေရန် ခြံများကာရံထားခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများ ရှိပါသည်။

### (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်နေရာသီးသန့်မရှိပါ။လူငယ်များသည်ကျေးရွာရှိလူမှုရေး/ဘာသာရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးနှစ်စဉ်ကျင်းပလေ့ရှိသောပွဲတော်များတွင် ရိုးရာအကများ၊သက်ကြီးရွယ်အိုများစုပေါင်းကန်တော့ခြင်းစသဖြင့်တက်ညီလက်ညီပါဝင်ဆောင်ရွက်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဦးနှင့်တစ်ဦး ခိုကပ်မှုမရှိပဲကျေးရွာဖွံ့ဖြိုးသာယာလှပရေးအတွက်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာရှိ ရှေးဟောင်းစေတီပုထိုးများရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်မှုများတွင် ကျေးရွာသူ/သားများအားလုံးတက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းမှဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းများတွင်လည်း ကလေးငယ်တိုင်း တက်ရောက် ကြောင်းတွေ့ရှိရပါသည်။

### (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် မိုင်းတုံ–တောင်ကြီးသွား ကားလမ်းနှင့်တကြောင်းထိုး မြေသားလမ်းဖြင့်ဆက်သွယ် ထားပြီး ကျေးရွာတွင် ဆိုလာမီးများအသုံးပြုကြောင်း ၊ သတင်းအချက်အလက်များ နှင့်ပတ်သက်၍ ဖုန်းလိုင်းများကောင်းမွန်ခြင်းမရှိခြင်းကြောင့် သတင်းအချက်အလက်များ ရရှိရန်ခက်ခဲပါသည်။

### (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။မိုင်းတုံမြို့နှင့် (၄၃)မိုင်ခန့် ကွာဝေးသော်လည်း နယ်မြေစိုးမိုးမှုနှင့် နယ်မြေလုံခြုံမှု ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဝမ်ဆာလားကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ဆိုလာဖြင့်သာရရှိသည်။ လူဦးရေ အားလုံး၏(၅၈)%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သောကြောင့် လူ့စွမ်းအားအရင်းအမြစ် အားကောင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျွမ်းကျင်မှု နှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း မိုင်းတုံပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးပေးထားသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းသည် ချေးငွေပုံမှန်လည်ပတ်လျက်ရှိပြီး ယခုအခါ အဖွဲ့ဝင်ဦးရေ (၁၅)ဦး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်များ လုပ်ကိုင်နိုင်ရန် များစွာအထောက်အပံ့ဖြစ်စေပါသည်။ စိုက်ပျိုးရေးနည်းပညာများအတွက် မိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်ကျန်းမာရေးအတွက် တိမွေးကုဌာနတွင်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာသည် မိုင်းတုံမြို့နယ်နှင့်(၄၃)မိုင်အကွာတွင် တည်ရှိသော်လည်း လုံခြုံရေးအရ စိုးရိမ်စရာမရှိကြောင်းသိရပါသည်။ ကျေးရွာအခြေပြု အဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်းခေါင်းဆောင်မှုအပိုင်းနှင့်ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင်အနည်းငယ် အားနည်းကြောင်း တွေ့ရှိရသည်။

လယ်မြေအသင့်တင့်နှင့်ရွှေ့ပြောင်းတောင်ယာစနစ်ကို အသုံးပြုကြသောကြောင့် သစ်တောများ ပြုန်းတီးမှုရှိသောကြောင့် ရာသီဥတု ဖောက်ပြန်မှုများဖြစ်လာပါသည်။ နွားချေး ကဲ့သို့သော သဘာဝမြေသြဇာများ အသုံးပြုမှုရှိသော်လည်း၊ ဓါတုမြေသြဇာများကို နည်းစနစ်တကျအသုံးပြုခြင်းမရှိသောကြောင့် မြေယာများ ပျက်စီးမှုများလာသည်ဟု ယူဆမိပါသည်။ တိရစ္ဆာန်များ မွေးမြူရာတွင်လည်း လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြသောကြောင့် ရောဂါကျရောက်သောအခါ ထိန်းချုပ်ရန်ခက်ခဲခြင်း၊ တိရစ္ဆာန်များ ပျောက်ဆုံးမှု ရှိခြင်းများ ကြုံတွေ့ရပါသည်။ ကျေးရွာတွင် လူငယ်အများစု ရှိသော်လည်း အတန်းပညာနှင့် အသက်မွေးဝမ်း ကျောင်းပညာများ အားနည်းနေသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် သန့်ရှင်းသော သောက်သုံးရေရရှိခြင်းဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန် လာစေရမည်။

(၂) ကျွန်ုပ်တို့ကျေးရွာသည် ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ခြင်းအားဖြင့် ကျေးရွာ၏ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၃) ကျွန်ုပ်တို့ ကျေးရွာတွင် လူငယ်များအတွက် အားကစားကွင်းများ၊ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်းများ စီစဉ်ဆောင်ရွက်ပေးစေလိုပါသည်။

(၄) ကျေးရွာသူ/သားများအားလုံးနှင့်သက်ဆိုင်သည့် ကျေးရွာခန်းမဆောင်တည်ဆောက်နိုင်ရေး။

(၅) စာကြည့်တိုက်များ ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ အနာဂတ်၊ ဝမ်ဆာလားကျေးရွာ၏ အနာဂတ်ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ချီတက်၍ လုပ်ဆောင် သွားမည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်ဆိုင်ရာဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာသူ/သားများ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေး အိမ်သွယ်ရေတိုင်စနစ်သို့ ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။လူငယ်များစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက်ကျေးရွာတွင်အလယ်တန်းကျောင်းရရှိရေး၊ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်နိုင်သည့် ကျေးရွာဘက်စုံသုံးခန်းမ နှင့် စာကြည့်တိုက် များရရှိအောင် ဆောင်ရွက်ပါမည်။ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဟောပြောပွဲများ ကျင်းပသကဲ့သို့ လူငယ်များ ကျန်းမာကြံ့ခိုင်ရေး အတွက် အားကစား ကွင်းများ ဆောက်လုပ်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ကျေးရွာအတွက် ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်စဉ်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စက်ရေတင် ရေပေးရေးလုပ်ငန်း**

ဝမ်ဆာလားကျေးရွာသည် သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေကို အသုံးပြုနေရခြင်း၊ငင်းစိမ့်စမ်းရေသည် နွေရာသီတွင် ရေထွက်နည်းပါးသဖြင့် သောက်သုံးရေ လုံလုံလောက်လောက် ရရှိရေးအတွက် အခက်အခဲရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါသည်။

**(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာမြေသားလမ်း ဖြစ်နေခြင်းကြောင့် လမ်းအဆင့်မြှင့်ပြုပြင်ရန်ငွေကြေး အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးစေခြင်ပါသည်။ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည် ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာ နိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအားလွန်စွာအထောက်အကူပြုနိုင်ပေမည်။

**(ဃ) လူငယ်နှင့် အားကစား**

လူငယ်များအတွက် အားကစားကွင်းများ၊ စာကြည့်တိုက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းခြင်းနှင့်ပတ်သက်သောအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးနိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးစေလိုပါသည်။

(င) ကျောင်းရွာရှိ ကျောင်းသားများမှာ မူလတန်းအဆင့်ထိသာရှိသဖြင့် အလယ်တန်းအဆင့် နှင့် အထက်တန်းအဆင့်များတွင် မိုင်းတုံမြို့ အ.ထ.ကကျောင်းသို့ တက်ရောက်ရသဖြင့် မိသားစုအများစုမှာ ငွေကြေးအခက်အခဲရှိခြင်း၊ ကလေးငယ်များ ယာဉ်အန္တရာယ်စိတ်ပူရခြင်း၊ နေရေးထိုင်ရေးအတွက် အခက်အခဲများရှိခြင်းကြောင့် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ကျောင်းရရှိရေး ဆောင်ရွက်ပေးစေလိုပါသည်။

(စ) ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေများဆောင်ရွက်ခြင်း၊ ရွာလုံးကျွတ် အစည်းအဝေး ပြုလုပ်နိုင်ရန်နှင့် ကျေးရွာပျော်ပွဲရွှင်ပွဲများ ပြုလုပ်သည့်အခါ အသုံးပြုနိုင်ရန် ကျေးရွာခန်းမဆောင် ဆောက်လုပ်ပေးစေလို ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်းနှင့် စီးပွားရေး အကျိုးဖြစ်ထွန်းမှု နှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း ဟူ၍ နှစ်မျိုး ရှိသည်။ လုပ်ငန်း ကဏ္ဍာကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် |
|---|---|---|---|---|
| **ပညာရေး** | ၁။ ကျေးရွာမူလတန်းကျောင်းအားအလယ်တန်းကျောင်းအဆင့်မြှင့်တင်ရန် | ၉၂ | ၄ | |
| **အခြေခံအဆောက်အဦ** | ၁။စိမ့်စမ်းရေးသွယ်ယူခြင်း<br>၂။ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း<br>၃။ခန်းမဆောင် | ၉၇<br>၉၅<br>၁၀၀ | ၂<br>၃<br>၁ | |
| **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | |
| **ချေးငွေ** | | | | |
| **လူငယ်နှင့် အားကစား** | ၁။ကျေးရွာအားကစားကွင်းဖန်တီးပေးခြင်း | ၈၇ | ၅ | |
| **ကျန်းမာရေး** | | | | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ပြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ခန်းမဆောင်တည်ဆောက်ခြင်း | ၁ | ✔ | | | | |
| ၂ | စိမ့်စမ်းရေသွယ်ယူခြင်း | ၂ | | ✔ | | | |
| ၃ | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၃ | | | ✔ | | |
| ၄ | အလယ်တန်းကျောင်းရရှိရေး | ၄ | | | | ✔ | |
| ၅ | ကျေးရွာအားကစားကွင်းဖန်တီးပေးခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်။

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ခန်းမဆောင်တည်ဆောက်ခြင်း | | | ✔ | | |
| ၂ | စိမ့်စမ်းရေသွယ်ယူခြင်း | | | ✔ | | |
| ၃ | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | | | ✔ | | |
| ၄ | အလယ်တန်းကျောင်းရရှိရေး | | | ✔ | | |
| ၅ | ကျေးရွာအားကစားကွင်းဖန်တီးပေးခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းကျောင်းရရှိရေး အကောင်အထည်ဖော်နိုင်ရန် မြို့နယ်ပညာရေး ဌာန နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းသည် ရွာတွင်းလမ်းများ အဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုလိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်ကိစ္စရပ်များကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် ခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်း ကို (၆)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ-ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန် တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည်၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၆)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၆)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၆)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည်စာမျက်နှာ ၂မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖေါ်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်းကို တည်ဆောက်ရပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

